## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၁၇)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
### (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)
### (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါ တော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၄၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၁.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ခွင့် ၈ ရက်၊

(၂) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၃၁ ရက်၊

(၃) ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း ခွင့် ၁ ရက်၊

(၄) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၃ ရက်၊

(၅) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၃ ရက်၊

(၆) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၃ ရက်၊

(၇) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၈) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၃ ရက်၊

(၉) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၃ ရက်၊

(၁၀) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၁၁) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၃ ရက်၊

(၁၂) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၃ ရက်၊

(၁၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်၊

(၁၄) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၇၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အခြားနိုင်ငံများ၌သုံးစွဲပြီး စက်စွမ်းရည်ကျဆင်းနေသော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်များကို တင်သွင်းလာမှုမရှိစေရေးအတွက် ညွှန်ကြားချက်နှင့် ထိန်းသိမ်းကြပ်မတ်မှုများရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယနေ့မေးမြန်းမယ့်မေးခွန်းကို Power Point နဲ့ ကျွန်တော်တင်ပြခွင့် တောင်းခံအပ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ တစ်နိုင်ငံဖြစ်ဖို့ အတွက်ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရယ်၊ စွမ်းအင်ပြည့်ဝလုံခြုံမှုရယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုရယ် အချက်သုံးချက် ညီညွတ်ဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့မြောက်ဘက်မှာရှိတဲ့ အင်အားကြီးနိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတစ်ခုပဲ အာရုံစိုက်ခဲ့တဲ့အတွက် ယခုအခါမှာ မြို့ကြီး ၇၄ မြို့ရှိတဲ့အနက် သုံးမြို့ပဲ ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုကင်းနေတဲ့မြို့တွေပေါ့။ ကျန်တဲ့မြို့တွေဟာ ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှု အကြီးအကျယ်ထိခိုက်ပြီးတော့ နေရတဲ့အခြေအနေမျိုး ကြုံတွေ့နေခဲ့ရပါတယ်။ ဒါစီးပွားရေတိုးတက်မှုတစ်ခုကိုသာ အာရုံစိုက်ခဲ့တဲ့အတွက် ပတ်ဝန်းကျင်ထိခိုက်မှု အကြီးအကျယ် ဖြစ်နေတဲ့အခြေအနေကို ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့နိုင်ငံရဲ့ အကြီးအကဲများဟာ ဒီလေထုညစ်ညမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ၅၀၀၀ နဲ့ မီးခိုးထွက်များတဲ့မော်တော်ယာဉ် ခြောက်သန်းကို လမ်းမပေါ်က ဖယ်ရှားဖို့ ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ဖို့အတွက်ကို အင်မတန်လိုအပ်နေပါတယ်။ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ပထမအကြိမ် ပြည်ထာင်စုလွှတ်တော်

ဒသမပုံမှန်အစည်းအဝေး နဝမမြောက်နေ့မှာ ကျောက်မီးသွေးကို သုံးစွဲပြီးတော့ ဓာတ်အားပေးဖို့ လုပ်ငန်းစဉ်များကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီတင်ပြချက်ထဲမှာ ပြည့်ပြည့်စုံစုံလေးပါပေမယ့် ဒီနေရာမှာ ကျွန်တော်တို့ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများရဲ့ စက်အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်များကို ဖော်ပြထားခြင်းမရှိခဲ့ပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီအချိန်မှာ အင်မတန်အရေးကြီးတဲ့အခြေအနေဖြစ်တဲ့အတွက် အိမ်နီးချင်းနိုင်ငံမှာ ကျွန်တော်တို့ ဒီဖျက်သိမ်းလိုက်တဲ့ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ ၅၀၀၀ ဟာ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် ကျွန်တော်တို့နိုင်ငံကို ရောက်ရှိမလာဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဆိုရိုးစကားတစ်ခုရှိပါတယ်။ ညောင်ဦးမှာကမ်းပါးပြိုတဲ့အတွက် စမ္ပါနဂိုရ် နွားမပေါင်ကျိုးတယ်ဆိုတာမျိုး ကျွန်တော်တို့ မှတ်သားဖူးပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံမှာ စီစဉ်ဆောင်ရွက်မှုဟာ ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရိုက်ခတ်မှာမလွဲဖြစ်တဲ့အတွက် ဒါကို ကျွန်တော်တို့ သတိကြီးစွာထားဖို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (က)အခြားနိုင်ငံများ၌ သုံးစွဲပြီးသော၊ စက်စွမ်းရည်ကျဆင်းနေသော၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအဟောင်းများကို မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် တင်သွင်းရောက်ရှိ မလာနိုင်စေရေးအတွက် တိကျသော၊ တင်းကြပ်သော ညွှန်ကြားချက်များ၊ ထိန်းသိမ်းကြပ်မတ်မှုများရှိ/မရှိ၊ (ခ)ရှိပါက အများပြည်သူသိရှိစေရန် ပွင့်လင်းစွာဖော်ပြပေးပါရန်နှင့် မရှိသေးပါက မည်သည့်အချိန်တွင် ပြဋ္ဌာန်းထုတ်ပြန်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။ ရှင်းလင်းချက်က သတ်မှတ်ထားတဲ့အချိန်ထက် ကျော်လို့ရှိရင်လည်း ခွင့်ပြုပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုတင်ပြသွားတဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်

Power Point အများကြီးတော့ ပြင်ဆင်လာခြင်းမရှိပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော် ဒီမှာလာပြီးတော့ ဒါမျိုးပြောတာလည်း တော်တော်အကြိမ်များနေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် အချိန်ကိုလေးစားသောအားဖြင့် Power Point လေး Point ပဲ ကျွန်တော်တင်ထားပါတယ်။ ဒါပေမယ့် စာကတော့ ပါတဲ့စာအတိုင်းတော့ ကျွန်တော် အားလုံးကိုသိရှိအောင် တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စက်ရုံတစ်ရုံတည်ဆောက်တော့မယ်ဆိုရင် ပထမဆုံး စလုပ်ရတဲ့ကိစ္စကတော့ ဖြစ်မြောက်နိုင်မှု အရင်ဆုံးလေ့လာတဲ့ကိစ္စကို ဆောင်ရွက်ဖို့အတွက် MOU ရေးထိုးခြင်းပဲဖြစ်ပါတယ်။ အဲ့ဒီတော့ MOU ရေးထိုးပြီးလို့ရှိရင် အဲ့ဒီ MOU ရဲ့နောက်မှာ အခုတင်ပြရမယ့်ကိစ္စတွေဟာ Environmental Impact နှင့် Social Impact Assessment Report ကို တင်ပြရမှာဖြစ်ပါတယ်။ ပြီးလို့ရှိရင် FS လုပ်ထားတဲ့အပေါ်မှာ Technical ဖြစ်နိုင်ခြေရှိ/မရှိကို တင်ပြရမှာဖြစ်ပါတယ်။ အဲ့ဒီလိုတင်ပြနေတဲ့ တစ်ပြိုင်နက်တည်းမှာလည်း ဒီဟာကို သက်ဆိုင်ရာဒေသခံ ပြည်သူတွေကိုချပြပြီးတော့ ရှင်းလင်းတွေ့ဆုံဆွေးနွေးခဲ့တဲ့ကိစ္စတွေကို People Concentration ကိုလုပ်ရမှာ ဖြစ်ပါတယ်။ အဲ့ဒါအားလုံးပြည့်စုံတဲ့အခါကျမှ အထောက်အထားနဲ့ ကျွန်တော်တို့ တင်ပြတဲ့အခါကျမှပဲ ကျွန်တော်တို့ ဘက်ကလည်းစိစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့ သစ်တောရေးရာဝန်ကြီးဌာနကလည်း EIA၊ SIA စိစစ်ပြီး အဲ့လိုအချိန်ကျမှပဲ ကျွန်တော်တို့ ပြည့်စုံတဲ့အချိန်ကျမှပဲ အကောင်အထည်ဖော်ခြင်းကို ကူးပြောင်းသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ဆက်လက်ပြီးတော့ တင်ပြလိုတာကတော့ ပထမအဆင့်ဖြစ်တဲ့ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပြုစုတင်ပြဖို့အတွက် MOU ရေးထိုးချိန်မှာ ဆောင်ရွက်ရမယ့်လုပ်ငန်းအတွက် ကမ္ဘာ့ဘဏ်မှသတ်မှတ်ထားတဲ့ အရည်အသွေးစံချိန်စံညွှန်းများထက်မနိမ့်သောစံနှုန်းများဖြင့်ဆောင်ရွက်စေရေး တစ်ပါတည်း ကျွန်တော်တို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ပြန်လည်တင်ပြလာသော ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို စိစစ်ရာမှာလည်း ကမ္ဘာ့ဘဏ်၏ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ပြန်ထားတဲ့ Environmental Health and Safety Guidelines of Thermal Power Plant နှင့်အညီ ဆောင်ရွက်မှုရှိ/မရှိကိုလည်း ထပ်မံပြီးတော့စိစစ်ပါတယ်။ ဒီအဆင့်မှာပဲ ဆောင်ရွက်မယ့်ကုမ္ပဏီက တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဖို့ လိုအပ်ပြီဆိုရင် ကျွန်တော်တို့ မရှင်းလင်းတဲ့အချက်တွေကို ခေါ်ယူတွေ့ဆုံရှင်းလင်းစေပါတယ်။ အထက်ပါ Guideline နှင့်ညီညွှတ်အောင် တည်ဆောက်မှသာ တည်ဆောက်ရန်ကိုလည်း ထပ်မံပြီးတော့ အသိပေးပါတယ်။

နောက်တစ်ချက်ကတော့ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများကို ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ စိစစ်တဲ့နေရာမှာ ဒီ Slide မှာတင်ပြထားတဲ့အတိုင်း ကျွန်တော်တို့ စတင်ပြီးတော့ စိစစ်ပါ

တယ်။ အဲ့ဒီမှာ စိစစ်တာတွေကတော့ ဆူညံသံနှင့်ပတ်သက်ပြီးတော့ စိစစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ ဒီကိန်းဂဏန်းတွေကတော့ အသေးစိတ်တွေကတော့ Typical မှာ အသေးစိတ်ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် မတင်ပြတော့ပါဘူး။ နောက်တစ်ခုကတော့ နိုက်ထရိုဂျင်အောက်ဆိုဒ်ကိုစစ်ပါတယ်။ ဆာလဖာဒိုင်အောက်ဆိုဒ်စစ်ပါတယ်။ အမှုန်အမွှားတွေကိုစစ်ပါတယ်။ အဲ့ဒီမှာ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို အဆင့်သတ်မှတ်တဲ့နေရာနဲ့ အဆင့်မသတ်မှတ်တဲ့နေရာဆိုပြီးတော့ နှစ်မျိုးရှိတဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီနှစ်မျိုးကို ဝင်အောင်လုပ်လို့ရှိရင် လုပ်ပါလို့ စာထဲမှာပါ တစ်ခါတည်း သူတို့အစီရင်ခံတဲ့အထဲမှာပါ ညွှန်ကြားပြီးသား ဖြစ်ပါတယ်။

ဒီမှာ အရင်တစ်ခေါက် ကျွန်တော် တင်ပြခဲ့ပြီးသားရှိပါတယ်။ (၁)ကတော့ အမှုန်အမွှားဖြစ်ပါတယ်။ ဘယ်ဘက်ဆုံးက အမှုန်အမွှားဖြစ်ပါတယ်။ အလယ်က ဆာလဖာဒိုင်အောက်ဆိုဒ် ဖြစ်ပါတယ်။ ညာဘက်ကတော့ နိုက်ထရိုက်ဂျင်အောက်ဆိုဒ်ဖြစ်ပါတယ်။ ဒါက အရေးကြီးတဲ့အချက်မို့လို့ ကျွန်တော်ကောက်နှုတ်တင်ပြခြင်းဖြစ်ပါတယ်။ ဒီထက်အသေးစိတ်တွေကတော့ စာအုပ်တစ်အုပ်ပြုစုရတဲ့အဆင့်ထိအောင် ကျွန်တော်တို့ ရှိတာဖြစ်ပါတယ်။ အဲ့ဒီမှာ မဂ္ဂါဝပ်နည်းတယ်။ ၅၀၀ ကနေ ၆၀၀ အထိဆိုရင် သတ်မှတ်ချက်ကတစ်မျိုးဖြစ်ပါတယ်။ မဂ္ဂါဝပ် ၆၀၀ ကနေအထက်ဆိုလို့ရှိရင် သတ်မှတ်ချက်ကတစ်မျိုးဖြစ်ပါတယ်။ ဒီမှာပါတဲ့ကိန်းဂဏန်းတွေအကုန်လုံးကိုက်ညီမှ ဒီစက်ကိုစတင်ပြီးတော့ လည်ပတ်ဖို့အတွက် Pass ပေးမယ်လို့လည်း တစ်ခါပြောပြီးသားဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ရေနဲ့ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော်တို့ အခုနက တင်ပြသွားတဲ့အထဲမှာပါတဲ့ ရေတွေညစ်ညမ်းပါတယ်ဆိုတဲ့ကိစ္စကိုလည်း ကျွန်တော်တို့က ရေနဲ့ပတ်သက်တာလည်း အများနဲ့ဆိုင်တဲ့အတွက်ကြောင့်မို့လို့ ဒီကိစ္စကိုလည်း ထည့်သွင်းစဉ်းစားပြီးတော့ ဒီမှာပါတဲ့ကိန်းဂဏန်းတွေဟာ World Bank 2008 ကနေပြီးတော့ Handout ထုတ်ထားတဲ့ဟာတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ့ထက်စံချိန်စံညွှန်းကောင်းဖို့ပဲ ဆောင်ရွက်ပါ။ ဒီ့ထက်ညံ့နေရင်တော့ အဲ့ဒီစက်ရုံကို ပိတ်သိမ်းတဲ့အဆင့်ရောက်ပါမယ်ဆိုတဲ့အဆင့်ကို ကျွန်တော်တို့ ဆွေးနွေးထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါသတ်မှတ်ချက်များနဲ့ လိုက်နာဆောင်ရွက်ဖို့ရာ စွမ်းရည်ကျဆင်းနေတဲ့ စက်ရုံဟောင်းတွေကို ပြန်လည်ပြင်ဆင်ပြီးတော့ သုံးစွဲမယ်ဆိုလို့ရှိရင် ဒီအချက်တွေဟာ ညီညွတ်ဖို့ လုံးဝအခက်အခဲရှိပါတယ်။

ဒါ့အပြင် EIA၊ SIA အစီရင်ခံစာပြုစုတဲ့နေရာမှာလည်း FSR မှာ ဖော်ပြပါရှိတဲ့လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ထွက်ရှိလာမယ့်စွန့်ပစ်အခိုး၊ အရည်နှင့် အစိုင်အခဲ ဒါကြောင့်လည်း ဖြစ်ပေါ်လာမယ့်ကိစ္စတွေကို ပြောင်းလဲသွားနိုင်မယ့်၊ ထိခိုက်နိုင်တဲ့ပတ်ဝန်းကျင်အခြေအနေတွေအားလုံးကို

လည်း ပြည့်စုံစွာဖော်ပြပြီးတော့ အသံဆူညံမှု၊ လေအရည်အသွေး၊ ရေအရည်အသွေးစတဲ့ ပတ်ဝန်းကျင်အခြေအနေတွေကို စောင့်ကြပ်ကြည့်ရှုမည့်အစီအမံများ၊ နောက်တစ်ခါ စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေစီမံခန့်ခွဲမှု၊ နောက်တစ်ခုကတော့ လုပ်ငန်းခွင်ကျန်းမာရေး၊ Emergency Response Plan၊ နောက်တစ်ခုကတော့ Contingency Plan၊ နောက်တစ်ခုကတော့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံ၊ နောက်တစ်ခုကတော့ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးမယ့်အစီအစဉ်ဒါတွေအားလုံးကို ပြည့်စုံအောင် ကျွန်တော်တို့က EIA၊ SIA Report မှာတင်ပြရတာ ဖြစ်ပါတယ်။ ထို့အပြင် လုပ်ငန်းများလည်ပတ်ခြင်းကြောင့်ဖြစ်ပေါ်လာမယ့် ပတ်ဝန်းကျင်ထိခိုက်မှုများကို ပြန်လည်ကောင်းမွန်စေရန်၊ ထိခိုက်မှုလျော့နည်းသက်သာစေရန်အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းအစီအစဉ်များနှင့် စောင့်ကြည့်လေ့လာမယ့်အစီအစဉ်များပါဝင်တဲ့ ထိန်းသိမ်းရေးစီမံချက် (Environmental Management Plan-EMP) ကိုလည်း ရေးဆွဲပြီးတော့ ဆောင်ရွက်ရပါတယ်။ အဲ့ဒီလိုဆောင်ရွက်ဖို့အတွက်လည်း ဘယ်ပုဂ္ဂိုလ် ဘယ်အဖွဲ့အစည်းက ဘယ်ဝန်ထမ်းကို သုံးပြီးတော့ ဆောင်ရွက်မယ်ဆိုတာပါ အတိအကျ စာထဲမှာဖော်ပြပြီးတော့ တင်သွင်းရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ကတော့ FSR နည်းပညာပိုင်းဆိုင်ရာအရ ဖြစ်မြောက်နိုင်စွမ်း အတည်ပြုပေးပြီးတော့ EIA၊ SIA ကိစ္စကိုတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကနေ စိစစ်အတည်ပြုပေးနိုင်မှသာလျှင် စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခွင့် ရရှိသွားမှာဖြစ်ပါတယ်။ ဒီလိုအတည်ပြုထားတဲ့ FSR နှင့် EIA၊ SIA အစီရင်ခံစာများမှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် အထက်ဖော်ပြပါ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် တိတိကျကျထည့်သွင်းညွှန်ကြားပြီးဖြစ်ပါသဖြင့် အဆိုပါစံနှုန်းများကို လိုက်နာဆောင်ရွက်မှုအားနည်းသဖြင့် စက်ရုံလည်ပတ်ချိန်မှာ ပတ်ဝန်းကျင်ထိခိုက်မှုများ၊ ညစ်ညမ်းမှုများဖြစ်ပေါ်စေပါက အဆိုပါစက်ရုံကိုရပ်နားပြီးတော့ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားစေဖို့ပဲဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ကမ္ဘာ့နိုင်ငံကြီးများတွင် ခေတ်မမီသည့် နည်းပညာသုံးစွဲ၍ ရပ်တန့်ရန်စီမံချက်ချမှတ်ခံနေရသည့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများဟာ ကမ္ဘာ့ဘဏ်သတ်မှတ်ချက်စံနှုန်းနှင့် ကိုက်ညီမှုမရှိသော၊ နည်းပညာအဆင့်အတန်းမမီသော စက်ရုံဟောင်းများဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၎င်းတို့ကို ပြန်လည်ပြုပြင်မွမ်းမံပြီးတော့ ယူဆောင်မယ်ဆိုရင်တော့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့အချက်များနဲ့ ကိုက်ညီမှာမဟုတ်ပါဘူးလို့ ကျွန်တော် တင်ပြလိုပါတယ်။ ဒါကြောင့်

မို့လို့ အဆိုပါပိတ်သိမ်းထားတဲ့စက်ရုံအစိတ်အပိုင်းများကို အသုံးပြုခြင်းဖြင့် ကျွန်တော်တို့က သတ်မှတ်ထားတဲ့ဟာကို သူတို့ကိုက်ညီအောင် မဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီစက်ရုံဟာလည်း လည်ပတ်ခွင့်မရမယ့်စက်ရုံဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော်တို့က ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုမိန့်နှင့်အတူ တစ်ပါတည်း ၎င်းတို့ကို ညွှန်ကြားမှုပြုသွားမှာဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နည်းဥပဒေ ပုဒ်မ ၁၄၄ ပုဒ်မခွဲ(ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ အခု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှင်းလင်းတင်ပြသွားတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ စက်ရုံတစ်ရုံတည်မယ်ဆိုရင် သုံးစွဲမယ့်သွင်းအားစုဖြစ်တဲ့ကျောက်မီးသွေးပေါ့။ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံတည်မယ်ဆိုရင် သုံးမယ့်ကျောက်မီးသွေးရဲ့အမျိုးအစားပေါ်မူတည်ပြီးတော့ စက်တွေဒီဇိုင်းရမှုထုတ်မှာလား။ အဲ့ဒီ ဒီဇိုင်းထုတ်တဲ့နေရာမှာလည်း ကျွန်တော်တို့ ကိုက်ညီမယ့် ဥပမာဆိုကြပါစို့ ကျောက်မီးသွေးဆိုလို့ရှိရင် ကျွန်တော်တို့မြန်မာနိုင်ငံက ကျောက်မီးသွေးဟာ **Content** များပါတယ်။ တချို့နေရာတွေမှာဆိုလို့ရှိရင် ကျောက်မီးသွေးဟာ Sulphur Content များပါတယ်။ အဲ့ဒီတော့ သုံးစွဲမယ့်ကျောက်မီးသွေး အမျိုးအစားအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ သင့်လျော်တဲ့ ဒီဇိုင်းထုတ်ပြီးမှသာလျှင် တစ်ဆက်တစ်စပ်တည်းမှာပဲ နောက်ဆုံးပေါ်နည်းပညာတွေသုံးစွဲပြီး စက်ရုံကို လည်ပတ်မယ်။ တည်ဆောက်မယ်။ ထွက်လာတဲ့အမှုန်အမွှားတွေကိုလည်း ကျွန်တော်တို့က သတ်မှတ်ထားတဲ့စံချိန်စံညွှန်း အခုနက ဒုတိယဝန်ကြီးတင်ပြသွားတဲ့ ကမ္ဘာ့ဘဏ်စံချိန်စံညွှန်းနဲ့အညီ လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်တာဟာ ကျွန်တော်တို့အနေနဲ့၊ ပြည်သူများအနေနဲ့ လက်ခံဖို့အဆင်သင့်ဖြစ်ပါတယ်။ အဲ့ဒီအချက်လေးတွေကိုလည်း ကျွန်တော် အခုနက ထပ်ဆင့်မေးချင်တာကတော့ သုံးစွဲမယ့်၊ အသုံးပြုမယ့်ကျောက်မီးသွေးအမျိုးအစားပေါ်မူတည်ပြီး ဒီဇိုင်းထုတ်ထားဖို့ အစီအမံရှိ/မရှိ ကျွန်တော့်အနေနဲ့ ရှင်းရှင်းလင်းလင်းသိလို၍ ထပ်ဆင့်မေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော်လည်း အဲ့ဒါကို ပြောချင်နေတာပါခင်ဗျ။ အဓိကအချက်ကတော့ ကျွန်တော်တို့က အခုနက တင်ပြသွားတဲ့ FSR ဆိုတာရှိပါတယ်။ FSR ထဲမှာ ဘယ်နိုင်ငံက ကျောက်မီးသွေး ဘယ်လို

အမျိုးအစားကို သုံးမယ်ဆိုတာ တစ်ခါတည်းဖော်ပြထားပြီးဖြစ်ပါတယ်။ အဲ့ဒီဖော်ပြထားတဲ့ FSR မှာပါတဲ့ ကျောက်မီးသွေးအမျိုးအစားကို Country of Origin သူဘယ်ကလာမှာလဲ။ ဘယ်တွင်းက လာမှာလဲ။ သူက အဲ့ဒါတွေအားလုံးကို ပြည့်စုံအောင်ဖော်ပြပြီးကာမှ ဒီဆိုက်နဲ့ ဒီကျောက်မီးသွေးနဲ့ လိုက်လျောညီထွေတဲ့ Management တွေ နောက်ကလိုက်ရတာဖြစ်ပါတယ်။ ကျောက်မီးသွေးက တချို့ကျောက်မီးသွေးတွေဆိုလို့ရှိရင် အမှုန်အမွှားထွက်တာများရင် ဘယ်လိုအုပ်မယ်၊ ဘယ်လို Cover လုပ်မယ်။ တချို့စက်ရုံတွေဆိုလို့ရှိရင် လူနဲ့ဝေးတဲ့နေရာဆိုလို့ရှိရင် ဘယ်လိုစဉ်းစားမယ်။ လူနဲ့နီးတဲ့ နေရာဆိုလို့ရှိရင် ဘယ်လိုစဉ်းစားမယ်ဆိုတာ နေရာပေါ်မူတည်ပြီးတော့လည်း သူက ထပ်ပြီးတော့ စဉ်စားတာတွေပါပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်းပဲ စောစောကတည်းက MOU ထိုးကတည်း က သူဘယ်နေရာမှာလုပ်မှာလဲဆိုတာကို တစ်ခါတည်းပြောထားပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူလုပ်မယ့်နေရာနဲ့ အခု သူလုပ်လာမယ့်ကျောက်မီးသွေးနဲ့ အခု သူတပ်မယ့်စက်နဲ့ သူထွက်လာမယ့် ပစ္စည်း၊ ထွက်လာမယ့်ဘေးထွက်ဆိုးကျိုးတွေကို သူဘယ်လိုစောင့်ရှောက်ကာကွယ်မလဲဆိုတာကို တစ်ပါတည်း ဒီပေါ်မှာ စက်ရုံရဲ့ဒီဇိုင်းမှာ တစ်ခါတည်း Consultant နဲ့ အသေးစိတ်ရေးလာပြီးသား ဖြစ်ပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ဆရာဆရာမများအား ပညာသင်ထောက်ပံ့ကြေးထပ်မံ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုန်းတော်ကြီးကျောင်းများမှာ ဖွင့်လှစ်သင်ကြားလျက်ရှိတဲ့ ဘုန်းတော်ကြီးသင်အခြေခံပညာကျောင်းများမှာ ယခင်က ဆရာဆရာမ များမှ လုပ်အားစေတနာအရလည်းကောင်း၊ အလှူရှင်များမှထောက်ပံ့၍လည်းကောင်း၊ ကျောင်းသား များအား ပညာသင်ကြားပေးလျက်ရှိကြပါတယ်။ ယခုအစိုးရအဖွဲ့လက်ထက်မှာ ဘုန်းတော်ကြီးသင် ကျောင်းများမှ လုပ်အားပေးဆရာဆရာမများအား သင့်တင့်သောငွေကြေးထောက်ပံ့မှုများကြောင့် နိုင်ငံတော်အစိုးရအား ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် ဆရာဆရာမများမှ အထူးကျေးဇူးတင်ရှိနေ

ကြပါတယ်။ ကျောင်းသားကျောင်းသူများကိုလည်း အစိုးရကျောင်းများနည်းတူ အထောက်အပံ့များ ပေးကြသည်ကိုလည်း ဝမ်းသာပီတိရှိနေကြပါတယ်။တစ်နိုင်ငံလုံးမှာ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းပေါင်း ၁၀၀၀ ကျော်လောက်ရှိသည်ဟုလည်း သိရှိရပါတယ်။ ကျောင်းကုန်းမြို့နယ်အနေနဲ့ ဘုန်းတော်ကြီးသင်ကျောင်း နှစ်ကျောင်းရှိရာ ဂျပန်ဖောင်ဒေးရှင်းအကူအညီနဲ့ ကျောင်းများ ဆောက်လုပ်ထားရှိခြင်း၊ ဘွဲ့ရတက္ကသိုလ်ဝင်တန်းအောင် ဆရာဆရာမများဖြင့် ပညာရေးဝန်ကြီးဌာန ၏ သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေကြပါတယ်။ ကျောင်းကုန်း မြို့နယ်၊ ကွမ်းခြံကုန်းရွာသစ်၊ ရွှေညောင်ပင်ဘုန်းတော်ကြီးသင် မူလတန်းကျောင်းမှာ ကျောင်းသား ပေါင်း ၃၈၅ ဦး၊ ဆရာဆရာမ ၁၇ ဦးနှင့် အမှတ်(၁)ရပ်ကွက် ဘုန်းတော်ကြီးသင်မူလတန်း ကျောင်းမှာ ကျောင်းသားပေါင်း ၁၂၁ ဦး၊ ဆရာဆရာမ ရှစ်ဦးတို့ ရှိကြပါတယ်။ ယခုအခါမှာ ဆရာဆရာမများအား နိုင်ငံတော်မှပညာသင်ထောက်ပံ့ငွေမှာ တစ်လလျှင် ငွေကျပ် ၄၀၀၀၀ ကျပ်ခန့်သာ ချီးမြှင့်ပေးခဲ့သော် လည်း ခေတ်ကာလအလျောက် ရပ်တည်မှုရရှိရန် အလွန်မှခက်ခဲလှပါတယ်။ ဆရာတော်များမှ ထပ်မံ ထောက်ပံ့နေရတဲ့အနေအထားရှိနေပါတယ်။ ဘုန်းတော်ကြီးသင်ကျောင်းများအနေနဲ့ ဆင်းရဲချို့တဲ့တဲ့ ကျောင်းသားများအား အစားအသောက်၊ အဝတ်အစားမှအစ ပံ့ပိုးပေးနေရခြင်း၊ စာရိတ္တ၊ ယဉ်ကျေးမှု များကို ထိန်းသိမ်းစောင့်ရှောက်ရန် အလေးထားဆောင်ရွက်နေရခြင်းစတဲ့ ကြီးလေးတဲ့တာဝန်များကို လည်းထမ်းဆောင်နေရပါတယ်။ အဆောက်အဦများကိုလည်း ၎င်းတို့အစီအစဉ်ဖြင့်သာ ပြည့်စုံ လုံလောက်အောင် ဆောက်လုပ်ထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် သင်ကြားလျက်ရှိသော ဆရာဆရာမ များအား ပညာသင်ထောက်ပံ့ကြေးငွေများ ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်ဌေး(ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထား သောဧည့်သည်တော်များ၊ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဂါရဝပြု ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာန ကိုယ်စား ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သာသနာရေးဝန်ကြီး ဌာနအနေဖြင့် အသိအမှတ်ပြုဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်းဟာ ၁၅၇၅ ကျောင်းရှိပါ တယ်။ ဆရာဆရာမများအနေနဲ့ စုစုပေါင်း ၇၄၉၇ ဦးရှိပြီး ကျောင်းသားကျောင်းသူပေါင်း ၂၈၉၈၅၅ ဦး ပညာသင်ကြားလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီသောအားဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှာရှိတဲ့ ဆရာဆရာမများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ထောက်ပံ့ငွေကျပ် သုံးဘီလီယံနဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ထောက်ပံ့ငွေကျပ် ၃.၃၂၆ ဘီလီယံ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျောင်းသား ၄၀ ဦးလျှင် ဆရာတစ်ဦးအချိုးနှုန်းဖြင့် သင်ကြားပို့ချပေးလျက်ရှိပြီး မူလတန်းပြဆရာဆရာမတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၆၀၀၀ ကျပ်၊ မူလတန်းလွန်နှင့် အလယ်တန်း ပြဆရာ ဆရာမတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၄၁၀၀၀၊ အထက်တန်းပြဆရာဆရာမတစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် ၄၅၀၀၀ နှုန်းတို့ဖြင့် အသီးသီးထောက်ပံ့ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ မှာရှိတဲ့ ဆရာဆရာမများအား ပညာသင်ထောက်ပံ့ကြေးငွေများ၊ ထပ်မံတိုးမြှင့်ပေးရန်အနေဖြင့် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဆွေးနွေးတာတွေကို မှတ်သားပြီးတဲ့အခါမှာ ဒီနေ့ကျွန်တော်တို့ နိုင်ငံရဲ့ ပညာရေးမြှင့်တင်မှုလုပ်ငန်းမှာ မူလတန်းမသင်မနေရပညာရေးစနစ်ကို ရှေးရှုဆောင်ရွက်နေတဲ့နေရာမှာ ဒီနေ့ကျောင်းနေတဲ့ ကလေး များကို ကူညီ ထောက်ပံ့မှုများဟာ အစိုးရကျောင်းများမှာ ဆောင်ရွက်နေတာဖြစ်ကြောင်း သိရပါတယ်။ ဒါ့ကြောင့်မို့လို့ အခုလို ဘုန်းတော်ကြီးသင်စာသင်ကျောင်းမှာ သင်ကြားနေတဲ့ ကလေးသူငယ် ကျောင်းသားများအတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုစဉ်းစားဆောင်ရွက်ပေးနေတယ် ဆိုတာလည်း ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ပြန်လည်သုံးသပ်ပြီးတော့ လိုအပ်တာများ ပြန်လည် ညှိနှိုင်းပေးမယ်ဆိုရင်တော့ ကောင်းမွန်တဲ့အဖြေတစ်ခုရလာမှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဘုန်းတော်ကြီးသင်ကျောင်းမှာ သင်ကြားပေးနေကြတဲ့ ဆရာဆရာမများရဲ့ လစာ၊ ထောက်ပံ့ငွေပေါ့။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကိုလည်း သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖော်ပြ

သွားတာရှိပါတယ်။ ဒီဟာတွေကလည်း သတ်မှတ်ထားတဲ့ပညာအရည်အချင်းမီလို့ မမီလို့ပေါ်မူတည်ပြီးတော့ ဆောင်ရွက်ထားတာရှိသလို တစ်ဖက်ကလည်း အခြေခံလူမှုအသုံးစရိတ်အတွက် ထောက်ပံ့ပေးတာရှိ/မရှိဆိုတာလည်း သက်ဆိုင်ရာ ဒီနေ့ဆိုရင်တော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့်ဆိုင်တဲ့အတွက် ဒီကိစ္စလေးကိုပါ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ အနိမ့်ဆုံးပေါ့နော်။ အနိမ့်ဆုံး ဘယ်လောက်ဖြစ်သင့်တယ်ဆိုတာ စဉ်းစားပေးမယ်ဆိုလို့ရှိရင် ခုနက ဆရာဆရာမ တန်းတူတော့ ဖြစ်ချင်မှဖြစ်မှာပေါ့။ အနိမ့်ဆုံး ဘယ်လောက်ဖြစ်သင့်တယ်ဆိုတဲ့ဟာ စဉ်းစားပေးမယ်ဆိုလို့ရှိရင် ဒီငွေတွေကလည်း ပြည်သူ့ငွေထဲက ထောက်ပံ့ပေးရမှာဖြစ်တဲ့အတွက် ဒါလည်း စဉ်းစားသင့်တဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံ ရေးဝန်ကြီးဌာနကလည်း ဒါလည်းဆက်စပ်ပြီး စဉ်းစားပေးဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။

**လယ်ယာလုပ်သားနှင့် ရွှေ့ပြောင်းလုပ်သားများအပြင် လက်လုပ်လက်စားများအတွက် လူမှုစီးပွားရေးသာမက လူမှုနိုင်ငံရေးဘဝကိုပါ တည်ငြိမ်စေရေးအတွက် လူဦးရေဆိုင်ရာပေါ်လစီတစ်ခု ချမှတ်ရေးဆွဲရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တစ်ပြည်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ဟာ ဆက်စပ်လျက်ရှိပါတယ်။ ဒါ့ကြောင့် အဆိုပါနယ်ပယ်သုံးရပ်မှာ အစဉ်သဖြင့် မျှခြေ အတွင်းမှာရှိနေစေရန်အတွက် ကြိုးပမ်းရသမြဲလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူပြီးနောက်ပိုင်းမှာ လူဦးရေပေါ်လစီတစ်ရပ်ရှိသင့်တယ်လို့ယုံကြည်မိပါတယ်။

သို့ပါ၍ လူသားအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှုမှန်ကန်ပါမှ သဘာဝသယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိစီမံခန့်ခွဲပြီး နိုင်ငံတော်၏လူမှုစီးပွားရေးကို အောင်မြင်စွာဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဆိုပါလူဦးရေဆိုင်ရာ ပေါ်လစီဖြင့် ထိန်းကျောင်းခြင်းသည် နိုင်ငံတစ်ခုရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာမှ အရေးပါနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူဦးရေဆိုင်ရာ ပေါ်လစီစီးပွားရေးဆိုင်ရာစီမံကိန်းများကို ၁၀ စုနှစ် အလိုက် အလုပ်အကိုင်ရှာဖွေပေးနိုင်မှုများ၊ ဘွဲ့ရကျောင်းသားများအတွက် အနာဂတ်မျှော်မှန်းချက်

များ၊ နိုင်ငံသားစိစစ်ရေးအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အိမ်ထောင်စုစာရင်းရေးသွင်းနိုင်ရေး၊ နိုင်ငံသားကတ်များထုတ်ပေးနိုင်ရေးအပြင် လူဦးရေအတိုးအဆုတ်တို့ကို ကြိုတင်ခန့်မှန်းတွက်ချက်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားကာကွယ်ရေး၊ လုပ်သားအင်အားတွက်ဆရေးစသည်များကို အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် လယ်ယာလုပ်သားနှင့် ရွှေ့ပြောင်းလုပ်သားများအပြင် လက်ငုတ်မဲ့လက်လုပ်လက်စားများအတွက် လူမှုစီးပွားရေးသာမက၊ လူမှုနိုင်ငံရေးဘဝတို့ကိုပါ တည်ငြိမ်စေရေးအတွက် အနာဂတ်စီမံချက်များ ချမှတ်ထားရေးတို့သည် လူဦးရေဆိုင်ရာပေါ်လစီ၏ ရည်မှန်းချက်အဖြစ် နိုင်ငံတိုးတက်ကြီးပွားရေးအခြေခံတစ်ခုဖြစ်ပါတယ်။ သို့ပါ၍ လူဦးရေဆိုင်ရာပေါ်လစီတစ်ခု ချမှတ်ရေးဆွဲရန် အစီအစဉ်မည်သို့ရှိသည်ကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ လယ်ယာလုပ်သားနှင့် ရွှေ့ပြောင်းလုပ်သားများအပြင် လက်ငုတ်မဲ့လက်လုပ်လက်စားများအတွက် လူမှုစီးပွားရေးသာမက လူမှုနိုင်ငံရေးဘဝတို့ကိုပါ တည်ငြိမ်စေရေးအတွက် အနာဂတ်စီမံချက်များ ချမှတ်ထားရေးတို့သည် လူဦးရေဆိုင်ရာပေါ်လစီ၏ ရည်မှန်းချက်ဖြစ်ရာ လူဦးရေဆိုင်ရာပေါ်လစီတစ်ခု ချမှတ်ရေးဆွဲရန် အစီအစဉ် မည်သို့ရှိသည်ကို သိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူဦးရေဆိုင်ရာပေါ်လစီတစ်ခု ချမှတ်ရေးဆွဲရန်အတွက် စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လူဦးရေပေါ်လစီရေးဆွဲနိုင်ရေးအတွက် ကနဦးအဆင့်အနေဖြင့် တိကျသေချာသော လူဦးရေကိန်းဂဏန်းများ ရရှိရန်လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ကောက်ယူရခြင်းပဲ

ဖြစ်ပါတယ်။ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ပြီးစီးချိန်မှာ လူဦးရေပေါ်လစီ(Population Policy)အား ရေးဆွဲသွားမည်ဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ ယခုအခါမှာ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပထမအဆင့်နှင့် ဒုတိယအဆင့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ဆက်လက်ပြီးတော့မှ တတိယလုပ်ငန်းစဉ်ဖြစ်တဲ့ စာရင်းဇယားပြုစုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီ စာရင်းဇယားပြုစုခြင်းလုပ်ငန်းစဉ်ကိုတော့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ပြီးစီးနိုင်ရေးအတွက် ခန့်မှန်းကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ထို့နောက် စတုတ္ထအဆင့်လုပ်ငန်းစဉ်ဖြစ်သော ဆန်းစစ်လေ့လာခြင်းနှင့် ဇယားများတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ပင်မသန်းခေါင်စာရင်းကိန်းဂဏန်းများအား ၂၀၁၅ ခုနှစ် မေလကုန်ခန့်တွင် ထုတ်ပြန်နိုင်မည်ဟု ရည်မှန်းထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ရရှိသောသန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များပေါ် မူတည်ပြီးတော့မှ လူဦးရေမူဝါဒများကို ချမှတ်ရေးဆွဲသွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရန်အတွက်လည်းပဲ အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် (NCPD) National Commission on Population and Development ကို ကျွန်တော်တို့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၁)ဖြင့် ကြိုတင်ဖွဲ့စည်းထားပြီးလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာရှိ လူဦးရေအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ICPD) ထောင်စုနှစ်ရည်မှန်းချက်များကို ပြည့်မီစေရန်အတွက် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက်ကို ရည်ရွယ်ပြီးတော့၊ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်၏ အကျယ်အဝန်း၊ သဘာဝသယံဇာတ အရင်းအမြစ်များနှင့် အချိုးညီသော အနေတော်လူဦးရေ(Optimum Population) ရရှိရေးအတွက် လူဦးရေမူဝါဒချမှတ်ရေးဆွဲရန်ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ အတည်ပြုထုတ်ပြန်ထားသော လူဦးရေမူဝါဒမရှိသေးပါ။ လူဦးရေမူဝါဒရေးဆွဲပါက ကျွန်တော် တင်ပြပါ အချက်ခြောက်ချက်ကို ထည့်သွင်းစဉ်းစားပြီးတော့မှ ရေးဆွဲသွားရမှာပဲ ဖြစ်ပါတယ်။ ပထမတစ်ချက်ကတော့ မိမိနိုင်ငံအတွက် သင့်လျော်မှုအရှိဆုံး၊ အဆီလျော်ဆုံးဖြစ်သည့် အနေတော်လူဦးရေ၊ ဒုတိယအချက်ကတော့ မိမိနိုင်ငံရဲ့ သယံဇာတကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေ၊ ပထဝီဒေသ

အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု ဖြစ်ပါတယ်။ တတိယအချက်က မိမိနိုင်ငံ၏ လက်ရှိလူဦးရေတိုးနှုန်း၊ မွေးနှုန်း၊ သေနှုန်း၊ ပြောင်းရွှေ့နေထိုင်နှုန်း၊ မျှော်မှန်းသက်တမ်း၊ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေတို့ပဲ ဖြစ်ပါတယ်။ လေးအချက်ကတော့ သိပ်သည်းဆနှင့် ပျံ့နှံ့နေထိုင်ပုံ ဖြစ်ပါတယ်။ ငါးအချက်ကတော့ မှီခိုသူရဲ့အချိုးအစား၊ အနေတော်လူဦးရေ၊ တစ်ဦးကျဝင်ငွေ၊ ပညာရေးအခြေအနေတို့ဖြစ်ပြီးတော့မှ ခြောက်အချက်ကတော့ အမျိုးသားလုံခြုံရေးအတွက် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီးတော့မှ လူဦးရေမူဝါဒကို ရေးဆွဲသွားရမှာလည်း ဖြစ်ပါတယ်။

လူဦးရေမူဝါဒဟာ လူဦးရေကို အကျိုးသက်ရောက်စေနိုင်တဲ့ မွေးဖွားမှု၊ သေဆုံးမှု၊ ပြည်တွင်းပြည်ပပြောင်းရွှေ့နေထိုင်မှု၊ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှုနှင့် ဆက်နွယ်တဲ့မူဝါဒများနှင့် လူမှုစီးပွားရေးဆိုင်ရာမူဝါဒများ၊ အစီအစဉ်အားလုံးကို ခေါ်ဆိုခြင်းဖြစ်ကြောင်း ပြန်လည်ဆွေးနွေးဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံအဝှမ်းသင့်တင့်သော ကျေးရွာတိုင်း၌ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ မြေအောက်ရေတွင်းများ တူးဖော်ပေးခြင်းနှင့် လျှပ်စစ်ဖြင့် ရေတင်ပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံအဝှမ်းရှိ ကျေးလက်ဒေသနေ တောင်သူလယ်သမားများအကျိုးအတွက် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရသစ်လက်ထက် နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးလက်တောရွာနေ ပြည်သူများရဲ့လိုအပ်ချက်များကို ကွက်လပ်မကျန် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးမှုကြောင့် ၃ နှစ်ကျော်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကောင်းမွန်ခြင်း၊ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍများ ကောင်းမွန်ခြင်း၊ ပညာရေးကဏ္ဍများကောင်းမွန်ခြင်း၊ ကျန်းမာရေးကဏ္ဍများ ကောင်းမွန်ခြင်းများဟာလည်း ယခင်

ကာလများကထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါတယ်။ အဲ့ဒီ အသီးအပွင့်များကို ကျေးလက်တောရွာနေပြည်သူများ လက်တွေ့အကျိုးခံစားနေရပြီလည်း ဖြစ်ပါတယ်။ အချို့ကျေးရွာများမှာ စိုက်ပျိုးရေအတွက် ဆည်ငယ်/ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ ရေတွင်းများ တူးဖော်ပေးခြင်း၊ လျှပ်စစ်ဖြင့်ရေတင်ပေးခြင်းများကို ဆောင်ရွက်နိုင်ကြတဲ့အတွက် တစ်နှစ်ကို တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားများ စိုက်ပျိုးနိုင်ကြပြီး သား၊ ငါးမွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်နိုင်ကြလို့ အချို့သောတောင်သူလယ်သမားများနဲ့ လက်လုပ်လက်စား ပြည်သူများဟာ အလုပ်အကိုင်များရရှိကာ ဝင်ငွေများတိုးပွားခြင်းများကြောင့် စီးပွားရေးများ ကောင်းမွန်နေကြပြီဖြစ်ပါတယ်။ လူနေမှုဇာအဆင့် အတန်းများဟာလည်း တောနဲ့မြို့ကွာဟမှုတွင် နည်းနေကြပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ လူဦးရေ ၇၀ ရာခိုင်နှုန်းရှိတဲ့ ကျေးလက်တောရွာနေပြည်သူများရဲ့ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းရဲ့ အဓိကလိုအပ်ချက်မှာလည်း စိုက်ပျိုးရေအလုံအလောက်ရရှိရေးပင် ဖြစ်ပါတယ်။ ကျေးလက်တောရွာနေပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရဲ့ အဓိကလုပ်ငန်းဟာလည်း စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းဖြစ်တဲ့အတွက် စိုက်ပျိုးရေရရှိရေးကို အထူးဦးစားပေးလုပ်ငန်းအဖြစ် နိုင်ငံတော်မှဆောင်ရွက်ပေးရန် အဓိကလိုအပ်လျက်ရှိပါတယ်။ ကျေးရွာတိုင်းမှာ ရေအလုံအလောက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ပါက တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်နိုင်၍ အချိန်တိုကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်းနှင့် စီးပွားရေးများကောင်းမွန်ပြီး ဆင်းရဲနွမ်းပါးမှုကို အလျင်အမြန်လျှော့ကျစေမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတာကတော့ နိုင်ငံအဝှမ်းသင့်တော်ပြီး လိုအပ်သော ကျေးရွာတိုင်း၌ ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ ရေတွင်းများ တူးဖော်ပေးခြင်းနှင့် လျှပ်စစ်ဖြင့်ရေတင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိပြီး တစ်နှစ် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားနှင့် တောင်သူလယ်သမားများနဲ့ လက်လုပ်လက်စား အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်၍ ဝင်ငွေများတိုးပွားစေလျက် စီးပွားရေးများကောင်းမွန်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုများ အလျင်အမြန်လျှော့နည်းပပျောက် စေရန်ရည်ရွယ်ပြီး ကျေးလက်နေပြည်သူများအား ကြွယ်ဝကြီးပွားချမ်းသာစေလိုသောဆန္ဒများနှင့် နိုင်ငံတော်မှ စိုက်ပျိုးရေရရှိရေးအား သင့်တော်သောကျေးရွာတိုင်း၌ စီမံကိန်း

တစ်ရပ်ချမှတ်၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံအဝှမ်းရှိ ကျေးလက်တောရွာနေ တောင်သူလယ်သမားများကိုယ်စား ရှိသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းချက်နှင့်ပတ်သက်ပြီး ဝန်ကြီးဌာန ၃ ခု၊ နောက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအစိုးရအဖွဲ့တွေရဲ့ဖြေကြားချက်တွေကို ကျွန်တော် စုစည်းပြီး ဖြေကြားရမှာဖြစ်တဲ့အတွက် အချိန်မလောက်ငှရင်ခွင့်ပြုပေးဖို့ ဦးစွာတင်ပြလိုပါတယ်ခင်ဗျား။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်မြင့်က အခုလို မေးမြန်းပေးတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများတည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ်များ၊ ရေတံခါးများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ကျေးလက်ဆည်ကန်များ ပြုပြင်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆည်ငယ်/ကန်ငယ် ၂၀၆ ခု၊ သီးသန့်ရန်ပုံငွေဖြင့် ဆည်ငယ်/ကန်ငယ် ၂၁၈ ခု၊ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာလည်း နွေစပါးရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ကန်ငယ်ပြုပြင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသစိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ

အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးမှာ ကျေးလက်ဆည်ကန်များပြုပြင်ခြင်း ၁၃၂ ခု၊ မကွေးတိုင်းဒေသကြီး မှာ ဆည်ငယ်၊ ကန်ငယ် ၁၆၀ ခု၊ မန္တလေးတိုင်းဒေသကြီးမှာ ဆည်ငယ်၊ ကန်ငယ် ၉၅၆ ခု ပြုပြင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေါင်းစပ်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မြစ်ရေတင်လုပ်ငန်းနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများမှ စိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ ဒီနေ့ အထိမြစ်ရေတင်လုပ်ငန်း ၃၃၂ ခုနဲ့ မြေအောက်ရေ စက်ရေတွင်း ၁၂၂၆၆ တွင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်တဲ့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ မြစ်ရေတင်လုပ်ငန်း ၁၆ ခုနှင့် စက်ရေတွင်း ၂၀၉၄ တွင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီးတင်ပြသည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နိုင်ငံအဝှမ်းသင့်တော်ပြီး လိုအပ်တဲ့ ကျေးရွာတိုင်းမှာ ဆည်ငယ်/ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ ရေတွင်းများတူးဖော်ပေးခြင်းနှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါက ကျေးလက်နေပြည်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းများကိုနိုင်ငံတော်မှ စီမံချက်ချ၍ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ဒေသရဲ့လိုအပ်ချက်အခြေအနေနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးဆောင်ရွက်ပေးရန် ညှိနှိုင်းလာမှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ဖွံ့ဖြိုးတိုးတက်လာတဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက် အရ နိုင်ငံတစ်ဝှမ်းလုံးရှိတဲ့ ဓာတ်အားသုံးစွဲသူများကို စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အတွက် နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓါတ်အားဖြန့်ဖြူး ရေးခွဲရုံများ အသစ်တည်ဆောက်ခြင်း၊ အစားထိုးပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရပါကြောင်းနှင့် ယင်းဓါတ်အားလိုင်းများမှတစ်ဆင့် ကျေးရွာများရေရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မြစ်ရေတင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်မှု အပေါ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားရရှိရေးကိစ္စကို ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိရာမှာ အခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ တန်ဖိုးနည်းအိမ်ရာနှင့် ယင်လုံအိမ်သာကဲ့သို့သော တည်ဆောက်ရေးလုပ်ငန်းများအပြင် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ပြည်ထောင်စုဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ၂၀၀၀-၂၀၀၁ မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိဘဏ္ဍာရေးနှစ်အတွင်းမှာ အပူပိုင်းဇုံတိုင်းဒေသကြီး ၃ တိုင်းနဲ့ အခြားတိုင်းဒေသကြီး/ပြည်နယ် များမှာရှိတဲ့ ကျေးလက်ရေရရှိရေး ၁၀ နှစ်စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ရေရရှိရေး ၅ နှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ရေရရှိရေး အနှစ် ၂၀ စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်လျက်ရှိတဲ့အပြင် အပူပိုင်းဇုံတိုင်း ၃ တိုင်းမှာ ၂၀၁၂-၂၀၁၃ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၈၇ ရွာမှာ ရေရရှိရေးလုပ်ငန်း ၈၇ ခုကို JICA နဲ့ ပူးပေါင်းပြီး ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုမှာ ၂၀၁၂-၂၀၁၃ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၃၁၆ ရွာမှာ ရေရရှိရေးလုပ်ငန်း ၃၃၆ ခု UNICEF ဖြင့် ပူးပေါင်းပြီးလည်းကောင်း၊ ၂၀၁၂-၂၀၁၃ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၇၄၀၂ ရွာမှာ ရေရရှိရေးလုပ်ငန်း ၈၁၇၁ ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ရေပေးရေးလုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း ၃၈၂၁၇.၅၅ သန်းထိ တိုးမြှင့်ခွဲဝေရရှိခဲ့သဖြင့် တွင်းတိမ် ၁၇၆ တွင်း၊ တွင်းနက် ၉၈၂ တွင်း၊ လက်တူးတွင်း ၃၁၉ တွင်း၊ ရေကန် ၈၆၈ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၇၃၈ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၂၂၆ ခု စုစုပေါင်းရေရရှိရေးလုပ်ငန်း ၃၃၀၉ ခုကို ဒေသခံပြည်သူများရဲ့ လိုအပ်ချက်နဲ့အညီ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ကျေးလက်ရေပေးရေးစီမံကိန်းလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာငွေ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့၊ အကူအညီတို့ဖြင့် ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများမှ စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခြင်း၊

ရေပေးရေးစီမံကိန်းများမှ ရရှိလာမည့်အကျိုးကျေးဇူးများကြောင့် ဒေသတွင်းစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများအနေဖြင့် ရေမြေသဘာဝနှင့်အခြေအနေအပေါ် မူတည်ပြီး မိုးရွာသွန်းမှုများပြားတဲ့ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများမှာ ရေထိန်းတံခါးများတည်ဆောက်ခြင်း၊ ရေကြီးကွင်း/ရေနက်ကွင်းများမှာ ရေနုတ်မြောင်းများ ဖော်ထုတ်၍ စိုက်ပျိုးမြေဖော်ထုတ်ခြင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မိုးရွာသွန်းမှုနည်းပါးတဲ့ ဒေသများမှာ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ဒေသခံပြည်သူများရဲ့ တင်ပြချက်များအား ဖြစ်နိုင်ချေပေါ် မူတည်ပြီး ဆည်ငယ်/ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ မြေအောက်စက်ရေတွင်းများတူးဖော်ပေးခြင်းနှင့် စက်ရေတွင်းစီမံကိန်းများ အကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုဘဏ္ဍာငွေ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့၊ အကူအညီတို့ဖြင့် နိုင်ငံအဝှမ်း သင့်တော်သောကျေးရွာတိုင်းမှာ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ မြေအောက်စက်ရေတွင်းများတူးဖော်ပေးခြင်းနှင့် လျှပ်စစ်မြစ်ရေတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် စီမံကိန်းချမှတ်၍ ဆောင်ရွက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**နွေရာသီ၌ နှစ်စဉ်ကြုံတွေ့နေရသော သောက်သုံးရေရှားပါးမှု ပြဿနာများကို ဖြေရှင်းပေးနိုင်ရန် နှစ်တို/နှစ်ရှည်စီမံကိန်းများ မည်ကဲ့သို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဗိုလ်မှူးဇင်မျိုးလတ်၊ တပ်မတော်သားကိုယ်စားလှယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇင်မျိုးလတ်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်မျိုးလတ်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သောက်သုံးရေဟာ လူသားတွေအသက်ရှင်နေထိုင်ဖို့အတွက် အထူးအရေးကြီးတဲ့အရာတစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်တို့တွေဟာ ရေကို နေ့စဉ် မရှိမဖြစ်သုံးစွဲနေရပြီးတော့ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက် ဟူ၍ပင် တင်စားပြီးတော့ ပြောဆိုလေ့ရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သောက်သုံးရေရှားပါးမှုပြဿနာကို မြန်မာနိုင်ငံအလယ်ပိုင်းမိုးနည်းရေရှားအရပ်ဒေသတွေသာမကဘဲနဲ့ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှာလည်း ရင်ဆိုင်ကြုံတွေ့ခံစားရလေ့ရှိပါတယ်။ သောက်သုံးရေရှားပါးမှုပြဿနာဟာ ယခုလက်ရှိမှာသာမက နောင်အနာဂတ်မှာပါ အထူးအလေးထားဖြေရှင်းရမည့် ပြဿနာတစ်ရပ်ပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း သောက်သုံးရေရရှိဖို့အတွက် ရရှိတဲ့ဘဏ္ဍာငွေပေါ်မူတည်ပြီး လက်ရေတွင်း၊ စက်ရေတွင်းတွေအပါအဝင် ရေတွင်း၊ ရေကန်တွေတူးဖော်ပေးခြင်း၊ ရေတွင်း၊ ရေကန်များပြုပြင်ခြင်း၊ ဆည်ဖို့ခြင်း၊ ဆည်မြောင်းတာတမံတည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပက ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းပြီး မြေပြင်

ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းနှင့် သုတေသနပြုလုပ်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လက်ရှိလူဦးရေသာမကဘဲနဲ့ နောင်အနာဂတ်မှာ တိုးပွားလာမယ့်လူဦးရေနှင့် လူတစ်ဦး အသုံးပြုနိုင်တဲ့ သောက်သုံးရေ ရေချိုပမာဏ၊ တိမ်ကောသွားမယ့် သဘာဝရေအရင်းအမြစ်များ၊ အသစ်ဖော်ထုတ်နိုင်မယ့် သဘာဝရေအရင်းအမြစ်များ၊ လူလုပ် ရေတွင်း၊ ရေကန်၊ ဆည်မြောင်း၊ တာတမံများ၊ နှစ်စဉ်ဆောင်ရွက်ရမယ့်လုပ်ငန်းများ၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ သုံးသပ်ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့နိုင်ငံမှာ နွေရာသီမှာ နှစ်စဉ်ကြုံတွေ့နေရတဲ့ သောက်သုံးရေရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ဖို့ နှစ်တို/နှစ်ရှည်စီမံကိန်းများ မည်ကဲ့သို့ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေတာကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးဇင်လတ်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံ (Infrastructure) များဖြစ်တဲ့ လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ တန်ဖိုးနည်းအိမ်ရာနှင့် ယင်လုံအိမ်သာကဲ့သို့သော တည်ဆောက်ရေးလုပ်ငန်းများအပြင် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို နိုင်ငံတော်ဘတ်ဂျက်နဲ့ ခွင့်ပြုငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ နွေရာသီ၌ နှစ်စဉ်ကြုံတွေ့နေရသော သောက်သုံးရေရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ရေရရှိရေးလုပ်ငန်းများ

ဆောင်ရွက်ရာမှာ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဇုန် တိုင်းဒေသကြီး ၃ တိုင်းနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များရဲ့ ကျေးလက်ရေရရှိရေး ၁၀ နှစ် စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ရေရရှိရေး ၅ နှစ်စီမံကိန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ရေရရှိရေး အနှစ် ၂၀ စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အပူပိုင်းဇုန် တိုင်း ၃ တိုင်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၈၇ ရွာမှာ ရေရရှိရေး လုပ်ငန်း ၈၇ ခုကို JICA ဖြင့် ပူးပေါင်း၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၃၁၆ ရွာမှာ ရေရရှိရေး လုပ်ငန်း ၃၃၆ ခုကို UNICEF ဖြင့် ပူးပေါင်း၍လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၇၄၀၂ ရွာမှာ ရေရရှိရေးလုပ်ငန်း ၈၁၇၁ ခုအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် သောက်သုံးရေရှားပါးမှုပြဿနာများကို ဖြေရှင်း နိုင်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့်လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ နှစ်တို/နှစ်ရှည် စီမံကိန်းများဖြင့်လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်တဲ့ (UNICEF)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)စသည့်အဖွဲ့များဖြင့် မြို့ပြ၊ ကျေးရွာအနှံ့အပြား ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငွေကျပ် ၃၈၂၁၇.၅၅ သန်းဖြင့် လုပ်ငန်းပေါင်း ၃၃၀၉ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ(နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၉၉)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၉၉)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းတင်သွင်းရခြင်း အကြောင်းရင်းကတော့ အချက်နှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေမပြဋ္ဌာန်းမီက (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ ဥပဒေအမှတ် ၃/၉၉) ဖြစ်တဲ့ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတွေရဲ့ အခွင့်အရေးအတွက် ပေးထားတဲ့ ပုဒ်မ ၃၈၀ မှာပြဋ္ဌာန်းချက်နှင့် ညီညွတ်စေဖို့ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၈၀ မှာ နိုင်ငံခြားတိုင်းတစ်ပါးနှင့်ဆက်ဆံတဲ့ နိုင်ငံသားတိုင်းဟာ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်ရဲ့ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အခု တည်ဆဲပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဟာ အဲ့ဒီပြဋ္ဌာန်းချက်နဲ့ လွှမ်းခြုံမှုမရှိပါဘူး။ နောက် ဒုတိယအချက် ဒီပြင်ဆင်မှုတင်ရတာက ဒီနေ့ နိုင်ငံခြားမှာရောက်နေတဲ့ ကျွန်တော်တို့နိုင်ငံမှ သွားရောက်အလုပ်လုပ်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ လက်တွေ့အခြေအနေမှာ ဒီနေ့ ထိုင်း၊ မလေးရှား၊ စင်ကာပူမှာ ကျွန်တော်တို့နိုင်ငံသားတွေဟာ ၃ သန်းမှ ၅ သန်းခန့် သွားရောက်အလုပ်လုပ် နေရပါတယ်။ အဲ့ဒီထဲမှာ တရားဝင်သွားရောက်တဲ့အလုပ်သမားတွေရှိသလို၊ တရားဝင်သွားပြီးမှ ဗီဇာကုန်သွားတဲ့အတွက် တရားမဝင်အလုပ်သမားတွေ ဖြစ်သွားတဲ့လူတွေလည်း အမြောက်အမြားပါပါတယ်။ စာရင်းဂဏန်းများအရ ထိုင်းနိုင်ငံတစ်ခုတည်းမှာတောင် တရားဝင်ကနေ တရားမဝင်သွားတဲ့ အလုပ်သမား ၅ သိန်းခန့် ရှိတယ်ဆိုတာ သိရပါတယ်။ ကျန်တာကတော့ စီးပွားရေးအဓိကဆိုပေမယ့် အကြောင်းကြောင်းကြောင့် တိုင်းတစ်ပါးမှာသွားရောက်အလုပ်လုပ်ကိုင်တဲ့လူတွေကတော့ တရားမဝင်သွားရောက်ကြတာတွေ ဖြစ်ပါတယ်။ နိုင်ငံတကာရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းရဲ့ ခန့်မှန်းချက်အရဆိုရင်

ပြည်ပမှာသွားရောက်အလုပ်လုပ်တဲ့ မြန်မာနိုင်ငံသား ၁၀ သန်းခန့်ရှိတယ်လို့ သိရပါတယ်။ အဲ့ဒီလူတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အရင်းခံထားရမယ့်သဘောကတော့ ဒီတရားမဝင်သွားရောက်တဲ့လူတွေအပေါ်မှာ ကျွန်တော်တို့ကနေ လုံးဝပစ်ပယ်ထားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂလက်မှတ်မထိုးထားတဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)နဲ့ ကွဲလွဲနေပါလိမ့်တယ်။ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)မှာ လူတိုင်းဟာ မိမိရဲ့နိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို ထွက်ခွာပိုင်ခွင့်နှင့် မိမိနိုင်ငံကို ပြန်လာပိုင်ခွင့်ရှိတယ်ဆိုပြီးတော့ အခွင့်အရေးပေးထားပါတယ်။

ဒါကြောင့် ဒီမှာ တရားမဝင်သွားတဲ့၊ ရောက်တဲ့လူတွေအတွက် ကျွန်တော်တို့ဘယ်လို ကာကွယ်ပေးမလဲ။ အခု နောက်ဆုံးရတဲ့စာရင်းအရဆိုရင် မဲဆောက်အပါအဝင် ထိုင်းနိုင်ငံ၊ ပတ်ခရိုင်မှာ သွားရောက်အလုပ်လုပ်တဲ့ မြန်မာအလုပ်သမား ၄ သိန်းကျော်မှာ အထောက်အထားရှိတဲ့လူက ၆ သောင်းပဲရှိပါတယ်။ ဒါ နမူနာတစ်ခုပါ။ အဲ့ဒါကြောင့် တရားမဝင်သွားရောက်တဲ့လူတွေဟာ ထိုင်းနိုင်ငံမှာရော၊ မလေးရှားနိုင်ငံမှာရော၊ စင်ကာပူမှာရော အမြောက်အမြားရောက်နေရုံတင်မကဘူး။ အခြားနည်းနဲ့ တရုတ်နိုင်ငံတို့၊ ထိုင်ဝမ်တို့ကိုရောက်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေလည်း အမြောက်အမြားရှိပါတယ်။ ဒါကြောင့် သူတို့နှင့်ပတ်သက်ပြီး ကျွန်တော်တို့က အကာအကွယ်ပေးမယ့်အချက်တွေထည့်သွင်းဖို့လိုအပ်ပါတယ်။ ရေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းကနေ တောင်ကိုရီးယားမှာသေသွားတဲ့ မြန်မာအလုပ်သမားနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးတဲ့အခါမှာ ဒေါ်မိမြင့်သန်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဘယ်လိုပြန်ကြားခဲ့သလဲဆိုရင် ရှေ့နေချုပ်ဥပဒေမှာရော၊ အခြားတည်ဆဲဥပဒေမှာရော ရှေ့နေငှားရမ်းပေးဖို့ ဥပဒေမရှိဘူးဆိုပြီးတော့ ကျွန်တော်တို့နိုင်ငံသားတွေရဲ့ အခုဒုက္ခရောက်နေတဲ့အခြေအနေကို လက်ခံစဉ်းစားခြင်းမပြုဘဲနဲ့ ငြင်းပယ်လိုက်တာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံခြားရောက်အလုပ်သမားတွေအတွက် ဥပဒေကာကွယ်ပေးဖို့လိုပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့တင်ပြရရင် အခုနောက်ဆုံးပေါ်ပေါက်နေတဲ့ ထိုင်းနိုင်ငံ၊ စူရဌာနီခရိုင်၊ ကိုးတောင်ကျွန်းမှာ အသတ်ခံရတဲ့၊ စွပ်စွဲခံရတဲ့ ရခိုင်တိုင်းရင်းသား မြန်မာနိုင်ငံသားနှစ်ဦးနှင့်ပတ်သက်ရင် ကျွန်တော်တို့ ဥပဒေမရှိပေမယ့် သမ္မတကြီးဦးသိန်းစိန်ကလည်း ထိုင်းဝန်ကြီးချုပ်ကို တွေ့ဆုံပြီးတော့ မျှတတဲ့စုံစမ်းမှုရဖို့ ပြောဆိုပါတယ်။ ဒီလိုပါပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း အပြစ်မရှိတဲ့သူ အပြစ်

ပေးမခံရဖို့ ထိုင်းဝန်ကြီးချုပ်ကို ပြောဆိုခဲ့ပါတယ်။ အဲဒီလိုပါပဲ ပြည်ထောင်စုလွှတ်တော်နာယကကြီး သူရဦးရွှေမန်းကလည်း ပြည်ထောင်စုလွှတ်တော်ရဲ့ တစ်ခဲနက်ထောက်ခံမှုနှင့် ထိုင်းနိုင်ငံဥပဒေပြု ညီလာခံဥက္ကဋ္ဌကို ကျွန်တော်တို့နိုင်ငံသားနှစ်ဦးရဲ့ တရားမျှတတဲ့ အခွင့်အရေးရဖို့အတွက် ဆောင်ရွက် ပေးနေတာကိုလည်း တွေ့ရပါတယ်။ ဒီလိုပြောင်းလဲလာတဲ့ အခြေအနေမှာ ယခုဆိုရင် စွပ်စွဲခံရသူရဲ့ မိဘနှစ်ပါးကို ထိုင်းနိုင်ငံမှာ သားနှစ်ဦးကို တွေ့ဆုံနိုင်ဖို့အတွက် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ကရော အခုဆိုရင် သူတို့တည်းဖို့အတွက် ထိုင်းနိုင်ငံ၊ မြန်မာသံရုံးကပါ အကူ အညီပေးနေတဲ့ သတင်းကောင်းများကိုလည်း ကျွန်တော်တို့ ကြားသိနေရပြီဖြစ်ကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ အဲ့ဒါကြောင့် အထူးသဖြင့် တရားမဝင်သွားရောက်တဲ့ အလုပ်သမားတွေအတွက် အကာအကွယ်ရဖို့အတွက် ကျွန်တော်ပြင်ဆင်ချက်တင်ထားတဲ့ နှစ်ပိုဒ်ကို ဦးစွာတင်ပြပါမယ်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ခ)မှာ ပါရှိတဲ့ မူလပြဋ္ဌာန်းချက်ကတော့ အလုပ် သမားဆိုသည်မှာ ပြည်ပအလုပ်အကိုင်တစ်ခုခုကို လုပ်ခအဖြစ် လုပ်ကိုင်လျက်ရှိသည့် အလုပ်သမား လုပ်ကိုင်ရန် ခန့်ထားခြင်းခံရသည့် အလုပ်သမားနှင့် အလုပ်သင်အဖြစ် ခန့်ထားခြင်းခံရသူကိုဆိုသည် ဆိုတဲ့ စကားရပ်မှာ ဘာကို ကျွန်တော်ထပ်ဖြည့်လိုက်တယ်ဆိုရင် ယင်းစကားရပ်တွင် ဤဥပဒေအရ မှတ်ပုံတင်ခြင်းမပြုနိုင်သော ပြည်ပအလုပ်အကိုင် သွားရောက်လုပ်ကိုင်သူများလည်း ပါဝင်သည်ဆိုတဲ့ စကားရပ်ကို အစားထိုးဖို့ဖြစ်ပါတယ်။ အဲဒီလိုပဲ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ဆ) မှာပါတဲ့ အလုပ်သမားများက ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပြည်ပအလုပ်အကိုင်သွားရောက် လုပ်ကိုင်ခြင်းမပြုနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းဆိုတဲ့ဟာ ကို ပယ်ဖျက်ဖို့လိုပါတယ်။ အဲဒီနေရာမှာ မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသော ပြည်ပအလုပ် အကိုင်သွားရောက်နေသူများနှင့် မှတ်ပုံတင်လက်မှတ်မရှိသော ပြည်ပအလုပ်အကိုင် သွားရောက် လုပ်ကိုင်နေသူများ၏ အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုများ နှိမ့်ချဆက်ဆံခံရမှုများ၊ လူ့အခွင့် အရေးချိုးဖောက်ခံရမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်းဆိုတဲ့အသစ်ကို ဖြည့်စွက်ပြင်ဆင်ထားပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တဲ့နှစ်ပိုင်းနှင့်ပတ်သက်ပြီး ရှင်းပြရမယ်ဆိုရင် ပြင်ဆင် သင့်တဲ့ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀ တို့ကို အစားထိုးဖို့ကိစ္စတင်ပြနေရတာကတော့ အခု ကျွန်တော်တို့ MOU နဲ့ တရားဝင်ပို့လိုက်တဲ့ အလုပ်သမားတွေကိစ္စမှာ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားအဖွဲ့ MAT၊ ထိုင်း နိုင်ငံမှာရှိတဲ့ ပညာရေးဖောင်ဒေးရှင်း FPT တို့ရဲ့ အထောက်အထားတွေအရ တင်ပြချက်အရဆိုလို့ရှိ

ရင် ဒီတင်ပို့နေတဲ့ လုပ်ငန်းတွေဟာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ချိုးဖောက်နေတာတွေတွေ့ရှိရပါတယ်။ ပြောတဲ့အခါကျတော့ ကားမောင်း Body အလုပ်ရုံမှာလုပ်ရ မယ်။ တကယ့်လက်တွေ့ကျတော့ ပန်းရံအလုပ်သွားလုပ်နေရတာရှိပါတယ်။ နောက်ပြောတဲ့အခါမှာ ဒီအေးဂျင့်တွေက ဆောက်လုပ်ရေးကုမ္ပဏီလို့ပြောပါတယ်။ တကယ်စုံစမ်းကြည့်တဲ့အခါကျတော့ ပတ်စ်ပို့လုပ်တဲ့ ကုမ္ပဏီတွေမှာ ဖြစ်နေတယ်။ အဲဒီတော့ ရိုးရိုးတရားမဝင် ပေါင်မုန့် ကားတစ်စီးနဲ့ လူခိုးပို့ရင် ၁၆ ယောက်ပဲပို့လို့ရပါတယ်။ အခု ဒီ MOU ကိုအလွဲသုံးစားလုပ်ပြီးတော့ တရားဝင်ကနေ တရားမဝင်ပုံစံနဲ့ပို့တဲ့အခါမှာ လူကို အနည်းဆုံး ၂၀၀ ကျော်ပို့နိုင်ပါတယ်။ အဲဒီ အလုပ်သမားတွေကိုပဲ ၃၀၀၀၀၀ ကနေ ၄၀၀၀၀၀ ထိယူတဲ့အတွက် တစ်ပတ်ကို အလုပ်သမား ၂၀၀ ဆိုလို့ရှိရင် သိန်း ၆၀၀ လောက်အထိ ဒီကုမ္ပဏီတွေက ရရှိနေပါတယ်။ အဲဒီလိုရရှိနေပေမယ့် ဒီကုမ္ပဏီတွေရဲ့ စည်းကမ်းချိုးဖောက်မှုကြောင့် ထိုင်းနိုင်ငံမှာ တချို့ တရားဝင်သွားရောက်တဲ့ မြန်မာလုပ်သားတွေက ပြန်လမ်းမရှိတဲ့ ငါးဖမ်းစက်လှေပေါ်ရောက်ပြီးတော့ ဘဝပျက်ရတဲ့အခြေအနေအထိ ကြုံတွေ့နေရတယ်ဆိုတာကို ဒီနိုင်ငံတော်သမ္မတကြီးဆီကို ပေးပို့ပြီးတော့၊ အလုပ်သမားဝန်ကြီးဆီ ပေးပို့ပြီးတော့၊ လွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် ကျွန်တော့်ဆီကိုလည်း မိတ္တူပေးထားတဲ့ စာတွေရှိပါတယ်။ တိုက်ရိုက်ရေးထားတဲ့ စာတွေရှိပါတယ်။ သို့သော် အသေးစိတ် ကျွန်တော် မဖော်ပြလို့တော့ပါဘူး။ အဲဒီလို အခြေအနေတွေကြောင့် ဒီအေးဂျင့်တွေ၊ ဒီကုမ္ပဏီတွေရဲ့ စည်းကမ်းဖောက်မှုကို တားမြစ်ဖို့လိုပါတယ်။ သူတို့တွေနဲ့ပတ်သက်ပြီးတော့ ဒီအတိုင်း ကျွန်တော်တို့ လက်ပိုက်ကြည့်နေလို့မရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး ဥပဒေပုဒ်မ ၂၉ မှာ အကျိုးဆောင်လိုင်စင်ရရှိသူ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သောနည်း ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်ဒဏ် စီရင်ခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်ငါးထောင်ထိဖြစ်စေ ဒဏ်နှစ်ရပ်လုံး ချမှတ်ရမည်ဆိုတဲ့ အချက်က အခုလို ကျွန်တော်တို့ တရားစီရင်ရေးစနစ်အားနည်းနေတဲ့အချိန်မှာ ထောင်ဒဏ်မပေးဘဲနဲ့ ငွေဒဏ်ကျပ်ငါးထောင်အထိပေးမယ်ဆိုရင်လည်းပဲ ဥပဒေအရ ကျွန်တော်တို့ ဘာမှ စောဒကတတက်စရာမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ပြင်ဆင်ထားတာက ထောင်ဒဏ် သုံးနှစ်ချမှတ်ရမည့်အပြင် ထောင်ဒဏ်ကို မဖြစ်မနေ ချမှတ်ခိုင်းပြီးတော့ ငွေဒဏ်လည်း ချမှတ်နိုင်သည်ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက အချက်များကို ကျွန်တော် အသေးစိတ်မတင်ပြပေမယ့် တရားဝင် MOU နဲ့ပို့တဲ့လုပ်ငန်းတချို့ဟာ လူကုန်ကူးတဲ့ သဘောမျိုး

သက်ရောက်နေတဲ့ဖြစ်ရပ်တွေ အမြောက်အမြားကို ထိုင်းနိုင်ငံရောက် မြန်မာအမျိုးသားတွေဘက်က တင်ပြထားတာတွေရှိပါတယ်။ ဒါကြောင့် ပုဒ်မ ၂၉ ရဲ့နောက်မှာ ပုဒ်မ ၃၀ အရ အကျိုးဆောင်လိုင်စင်ရထားသူ မည်သူ့ကိုမဆိုလူကုန်ကူးမှုကို ကျူးလွန်လျှင် ဤဥပဒေတွင် မည်သို့ပါရှိစေကာမူ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ အရေးယူရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက် လူကုန်ကူးမှုနဲ့အရေးယူနိုင်အောင် ကျွန်တော်ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့် အထက်ပါ ကျွန်တော်တင်ပြတဲ့ ကြောင်းကျိုးဖော်ပြချက်တွေအရ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ဖို့ ဤလွှတ်တော်ကြီးကို ကျွန်တော်တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၃/၉၉) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အာဏာမတည်ခင် ၁၉၉၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေတစ်ခုဖြစ်ပါတယ်။ ယနေ့ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိရန် ပြန်လည်ပြင်ဆင်သင့်တဲ့အတွက် သယ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့် တင်သွင်းတဲ့ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ကျွန်တော် ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်က ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်

ဆိုင်ရာဥပဒေကို အသစ်ပြန်လည်ရေးဆွဲဆောင်ရွက်လျက်ရှိတဲ့အခြေအနေကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပြည်ပနိုင်ငံများတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်သော်လည်းကောင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်သော်လည်းကောင်း ရည်ရွယ်၍ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်(၃/၉၉)ဖြင့် ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်နိုင်ရေးအတွက် လူစုဆောင်းခြင်းလုပ်ငန်းစဉ်အပါအဝင် အလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်အထိ အကာအကွယ်ပေးနိုင်ရေးကိစ္စများကို အဆိုပါဥပဒေအတိုင်းသော်လည်းကောင်း၊ ဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များသော်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်ရှင်။

သို့သော်လည်း ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဟာ ၁၉၉၀ ခုနှစ်ကတည်းကပင် ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်သည့်အလျောက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိဘဲ အားနည်းလာပါသဖြင့် အဆိုပါဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲပြီး ဥပဒေမူကြမ်းကို ဦးစီးဌာနအတွင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)နှင့်သော်လည်းကောင်း၊ ပူးပေါင်း၍သော်လည်းကောင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့ (IOM)နှင့်သော်လည်းကောင်း ပူးပေါင်း၍ နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွေမှာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ရှိသူတွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတွေ၊ ဥပဒေရေးရာ ကျွမ်းကျင်တဲ့အဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းတွေအပြင် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့အပြင် ILO မှ GMS လို့ခေါ်တဲ့ Triangle Project အတွက် ဆောင်ရွက်နေတဲ့ စီမံချက်အရာရှိတွေ၊ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်သူတွေ၊ IOM ရုံးချုပ်မှ ညွှန်ကြားရေးမှူးတွေ၊ ဖိလစ်ပိုင်နိုင်ငံမှ အလုပ်သမားစေလွှတ်ခြင်း လုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ

ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ပြီးတော့ ကျွန်မတို့ရုံးမှာ ဆွေးနွေးခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ လက်ရှိအချိန်အထိ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေသစ် ပြင်ဆင်ရေးဆွဲခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာ အတွေ့အကြုံရှိသော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ်နှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့တို့၏ သဘောထားမှတ်ချက်များကို ရယူဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ပေးပို့ထားတဲ့ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ[နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၃/၉၉)]ကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၈ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မ ၂၉ တို့သည် မိမိတို့ဝန်ကြီးဌာနတွင် ရေးဆွဲလျက်ရှိသည့် ဥပဒေကြမ်းတွင် ပြင်ဆင်ထည့်သွင်းရေးဆွဲထားသောအချက်များဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ထပ်မံဖြည့်စွက်ရန်ဖော်ပြထားတဲ့ အကျိုးဆောင်လိုင်စင်ရထားသူ မည်သူမဆို လူကုန်ကူးမှုကိုကျူးလွန်လျှင် ဤဥပဒေတွင် မည်သို့ပင်ရှိစေကာမူ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အရေးယူရမည်လို့ ဆိုသည့်အချက်ကိုလည်း ထပ်မံထည့်သွင်းရေးဆွဲထားပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မှပေးပို့လာသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ[နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ်(၃/၉၉)]ကို ပြင်ဆင်သည့် ဥပဒေပါအချက်အလက်တို့ကို မိမိတို့ဝန်ကြီးဌာနမှ ရေးဆွဲနေသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာမူကြမ်းကို လွှတ်တော်တွင် တင်ပြသည့်အခါ ထည့်သွင်းဆွေးနွေးသွားစေလိုပါတယ်။ ကျွန်မတို့ဝန်ကြီးဌာနက အခုလို ဥပဒေကို ပြင်ဆင်တဲ့အချိန်မှာ စေတနာထား ပြင်ဆင်လိုသည့်အချက်များအား မကျန်လှပ်ရအောင် ထည့်သွင်းရမည့်အချက်အလက်များအား လွှတ်တော်တွင် တင်ပြပြီး ဆွေးနွေးပေးသည့်အတွက် သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်ကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်များအား လွှတ်တော်တွင် ဥပဒေကို တင်ပြသည့်အခါ ထည့်သွင်းဆွေးနွေးသွားသင့်ပါ ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ သဘောထားကို သိလိုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကနေ ပြည်ပ

အလုပ်အကိုင်ဥပဒေ အသစ်ပြန်လည်ရေးဆွဲနေသည့် တင်ပြချက်။ အဲ့ဒီတင်ပြချက်ထဲမှာ ကျွန်တော့် ပြင်ဆင်မှုများနှင့် တူညီတဲ့အချက်၊ နောက်တစ်ခါ လူကုန်ကူးမှုဥပဒေနဲ့ အရေးယူဖို့ဆိုတဲ့ အသစ်ဖြည့်စွက်ချက် အဲ့ဒီဟာများ ပါတယ်ဆိုတာကို ရှင်းလင်းတင်ပြသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီဥပဒေသစ်ထွက်လာတဲ့အခါမှာ ထပ်မံပြီးတော့ လိုအပ်လို့ရှိရင် ဆွေးနွေးနိုင်တဲ့အခွင့်အရေးတွေ ထပ်ရခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၂)အရ ကျန်တော့ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မလိုတော့ကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူ့လွှတ်တော်ကို လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၉၉)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့် တင်သွင်းတဲ့ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ[နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၃/၉၉)]ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကလည်း နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲနေကြောင်းလည်း ရှင်းလင်းတင်ပြသွားပါတယ်။ ထို့အတူပဲ အဆို ဥပဒေကြမ်းတင်ပြသူ ဦးသိန်းညွန့်ကလည်း လွှတ်တော်မှာ ဆက်လက်ဆွေးနွေးခြင်းမပြုတော့ဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကတင်ပြတဲ့ ဥပဒေကြမ်းအပေါ်မှာ ဆက်စပ်ပြီး ဆွေးနွေးသွားမယ်ဆိုရင် သူ့ရဲ့တင်သွင်းထားတဲ့ဥပဒေကြမ်းကို လွှတ်တော်မှာ ဆွေးနွေးမှုမပြုတော့ဘဲနဲ့ ရုပ်သိမ်းမည်ဖြစ်ကြောင်းလည်း တင်ပြသွားပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်တင်သွင်းတဲ့ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ [နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၃/၉၉)]ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်မှာ ယခုအချိန်မှာ လက်ခံဆွေးနွေးမှာ မဟုတ်ဘဲနဲ့ ဥပဒေကြမ်းတင်ပြလာတဲ့အပေါ် မူတည်ပြီးတော့ ဆက်လက်ဆွေးနွေးသွားရန်ရှိကြောင်း လွှတ်တော်ကို ပြန်လည်တင်ပြပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်ရဲ့ တင်သွင်းတဲ့အဆိုကို လွှတ်တော်က လောလောဆယ်လက်ခံဆွေးနွေးရန် မရှိကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]